“အသံ”

# လူသားကံကြမ္မာတူတစ်ကိုယ်တည်းထုသည် တစ်ကမ္ဘာလုံးသဘောတူညီမှုဖြစ်လာနေသည်

၂၀၁၇ခုနှစ်တရုတ်နိုင်ငံ ထူးခြားချက်ပါသောပြည်ပဆက်ဆံရေးကို ပြန်ကြည့်လျှင် အစမှအဆုံးအထိပါဝင်နေသည့် သိသာထင်ရှားသောလိုင်းကြောင်းတလိုင်းကို ကျွန်တော်တို့တွေ့မြင်ရပါမည်။ ယင်းသည်လူသားကံကြမ္မာတူတစ်ကိုယ်တည်းထုကို တည်ဆောက်ရန်တွန်းတင်ခြင်းပင်ဖြစ်ပေသည်။

ဤတစ်နှစ်အတွင်း တရုတ်နိုင်ငံသည် လူသားကံကြမ္မာတူတစ်ကိုယ်တည်းထုအတွေးအခေါ်ကို တစ်ကမ္ဘာလုံးသဘောတူညီမှုအဖြစ်သို့ အောင်မြင်စွာပြောင်းလဲပေးနိုင်ခဲ့သည်။ ယင်းကို ကုလသမဂ္ဂသက်ဆိုင်ရာ ဆုံးဖြတ်ချက်များအတွင်းသို့ စာရင်းထည့်သွင်းနိုင်ရန် တွန်းတင်ပေးနိုင်ခဲ့သည်။ ၂၀၁၇ခုနှစ်ဖေဖော်ဝါရီလ(၁၀)ရက်နေ့ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ (၅၅)ကြိမ်မြောက်အစည်းအဝေးတွင် “အာဖရိကတိုက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဖော်ကိုင်ဖက်ဆက်ဆံရေးအသစ် လူမှုရေးအဆင့်ကဏ္ဍ”ဆုံးဖြတ်ချက်ကို သဘောတူခဲ့ပြီး “လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုဆောက်လုပ်ရေး” အတွေးအခေါ်သည် ကုလသမဂ္ဂဆုံးဖြတ်ချက်အတွင်းသို့ ပထမဆုံးအကြိမ်ရေးသားထည့်သွင်းခြင်းခံခဲ့ရသည်။ မတ်လ(၁၇)ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အာဖဂန်နစ္စတန်ပြဿနာနှင့်သက်ဆိုင်သော အမှတ်(၂၃၄၄)ဆုံးဖြတ်ချက်ကို သဘောတူခဲ့ရာ“လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုဆောက်လုပ်ရေး” အတွေးအခေါ်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အတွင်းသို့ ပထမဦးဆုံးအကြိမ် ရေးသားထည့်သွင်းခြင်းခံရသည်။ မတ်လ(၂၃)ရက်နေ့တွင်ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (၃၄)ကြိမ်မြောက်အစည်းအဝေးသည် “စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေး”နှင့် “စားသောက်ကုန်အခွင့်အရေး” ဆုံးဖြတ်ချက်(၂)ခုကို သဘောတူခဲ့ရာ “လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုဆောက်လုပ်ရေး” အတွေးအခေါ်သည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက်အတွင်းသို့ ပထမဦးဆုံးအကြိမ်ရေးသားထည့်သွင်းခြင်းခံခဲ့ရသည်။ ဤကဲ့သို့များစွာသော “ပထမ”သည် နိုင်ငံတကာလူမှုရေးသဘောတူညီမှုကိုဖော်ပြပြီး တရုတ်အတွေးအခေါ်နှင့် တရုတ်အဆိုပြုလွှာမှ တစ်ကမ္ဘာလုံးအုပ်ချုပ်ရေးအတွက် အလွန်အလေးပါသည့်ထောက်ပံ့မှုကိုလည်း ဖော်ပြနေသည်။

ဤတစ်နှစ်မှာ တရုတ်နိုင်ငံသည် လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုတည်ဆောက်သည့် စင်မြင့်အသစ်ကို တည်ဆောက်ခဲ့ပြီး သမိုင်းကြောင်းစာမျက်နှာအသစ်ကို အတူရေးဆွဲနိုင်ခဲ့ပါသည်။ ပထမအချက်သည် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ထိပ်သီးဖိုရမ်ကို ကျင်းပခြင်းဖြင့် လူသားကံကြမ္မာတူတစ်ကိုယ်တည်းထုသည် အဖက်ဖက်မှတူညီသော မျှော်မှန်းချက်ဖြစ်သည်ကို သေချာစွာအတည်ပြုလိုက်သည်။ ဒုတိယအချက်သည် တရုတ်နိုင်ငံကွန်မြူနစ်ပါတီနှင့် ကမ္ဘာ့နိုင်ငံရေးပါတီထိပ်သီးများနှင့် အပြန်အလှန်စကားပြောပွဲကို ကျင်းပခဲ့ခြင်းဖြင့် “လူသားကံကြမ္မာတူတစ်ကိုယ်တည်းထုဆောက်လုပ်ရေး၊ သာယာကောင်းမွန်သောကမ္ဘာကို အတူဆောက်လုပ်ရေး” အစိုးရပါတီ၏ တာဝန်ခေါင်းစဉ်နှင့်ဝိုင်းရံထားသော နက်ရှိုင်းသည့်ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့သည်။ တတိယအချက်သည် (South-South) လူသားအခွင့်အရေး ဖိုရမ်ကိုတည်ထောင်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ရေးဖြင့် ဖွံ့ဖြိုးတိုးတက်မှုကိုတွန်းတင်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုဖြင့်လူ့အခွင့်အရေးကိုတွန်းတင်ခြင်း၊ လူသားကံကြမ္မာတူတစ်ကိုယ်တည်းထုကို အတူတည်ဆောက်ခဲ့သည်။ ယင်းစင်မြင့် အသစ်များသည် လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုဆောက်လုပ်ရေး၏ အလေးပါသည့်တာဝန်များကို ထမ်းဆောင်ထားပြီး အတူညှိနှိုင်း အတူဆောက်လုပ်သည့်ဉာဏ်ပညာနှင့်အင်အားကို စုစည်းစေမည်ဖြစ်ပါသည်။

ဤတစ်နှစ်တွင် တရုတ်နိုင်ငံမှ လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုကိုဘေးပတ်ဝန်းကျင်နိုင်ငံနှင့် ဒေသများတွင်အခြေစိုက်နိုင်ရန် တွန်းတင်လုပ်ဆောင်မှုများသည် တိုးတက်မှုအသစ်များရရှိနိုင်ခဲ့ပြီး သမိုင်းကြောင်းခြေလှမ်းအသစ်ကို လျှောက်လှမ်းနိုင်ခဲ့သည်။ တရုတ်နိုင်ငံသည် အချင်းချင်းချိတ်ဆက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုချိတ်ဆက်ခြင်းကို ခိုင်မာစွာလုပ်ဆောင်ပြီး အလေးပါသောဖြစ်ဆဲပြဿနာများကို သင့်လျော်စွာဖြေရှင်းလုပ်ဆောင်ခဲ့သည်။ ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုစနစ်ကိုမှီပြီး လုပ်ဆောင်ချက်များစွာနှင့်အတူ ပိုမိုနီးကပ်သော တရုတ်- အာဆီယံကံကြမ္မာတူ တစ်ကိုယ်တည်းထု၊ ပိုမိုမဟာဗျူဟာအဓိပ္ပာယ်ရှိသော တရုတ်လာအိုကံကြမ္မာတူတစ်ကိုယ်တည်းထု၊ တရုတ်ဗီယက်နမ်ကံကြမ္မာတူ တစ်ကိုယ်တည်းထုကိုအစွမ်းကုန်တည်ဆောက်ရာ အောင်မြင်မှုအကျိုးမှာ သိသာထင်ရှားလှပါသည်။

လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုအတွေးအခေါ်သည် လူသားများ၏တန်ဖိုးအတွေးအခေါ်ကို ဖော်ပြပါသည်။ ၂၀၁၇ခုနှစ်ကို ပြန်လည်ကြည့်သည့်အခါ တရုတ်နိုင်ငံသည် စစ်မှန်သော လုပ်ဆောင်မှုများဖြင့် လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုကိုတည်ဆောက်သည့်ကြီးမားသော အင်အားကို စုစည်းထားသည်။ အနာဂတ်ကိုကြည့်လျှင် တရုတ်နိုင်ငံသည် လူသားလူမှုရေးအတွက် စစ်မှန်သောတရုတ်နိုင်ငံထောက်ပံ့မှုကိုဆက်လက်လုပ်ဆောင်နေမည်ဖြစ်ပေသည်။

ချိန်ရှယ်လုံ (စာရေးဆရာသည် တရုတ်နိုင်ငံနိုင်ငံတကာပြဿနာသုတေသနကောလိပ် နိုင်ငံတကာအဆိုပြုချက်သုတေသနစခန်းမှ စခန်းမှူးဖြစ်သည်။)

“အချင်းချင်းချိတ်ဆက်ခြင်း”

# ယူနန်အရှိန်မြင့်ရထားဖွင့်လှစ်ခဲ့ရာ တစ်နှစ်အတွင်းခရီးသည်ပေါင်း(၁၂.၀၂)သန်းကိုပို့ဆောင်နိုင်ခဲ့

၂၀၁၇ခုနှစ် ဒီဇင်ဘာလ(၂၈)ရက်နေ့သည် ယူနန်အရှိန်မြင့်ရထားဖွင့်လှစ်ခြင်း၏(၁)နှစ်ပြည့်နေ့ဖြစ်သည်။ တစ်နှစ်အတွင်း အရှိန်မြင့်ရထားသည် စုစုပေါင်းခရီးသည်သန်းပေါင်း(၁၂. ၀၂)ဦးကို ပို့ဆောင်နိုင်ခဲ့ရာ နေ့စဉ်နေ့တိုင်း အမြန်ရထားတွဲဦးရေပေါင်း (၇၂)တွဲပြေးဆွဲနိုင်ခဲ့ပါသည်။

၂၀၁၆ခုနှစ်ဒီဇင်ဘာလ(၂၈)ရက်နေ့ကူမင်းတောင်ဘက်ဘူတာရုံမှ အမြန်ရထား(၃)စီးသည် ကွေ့ရန်၊ ပိုင်စက်၊ ယူရှီးသို့ တစ်ချိန်တည်းထွက်ခွာခဲ့ရာ အဖြူရောင်နဂါးကြီး(၃)ကောင် ယူနန်မြေပေါ်တွင် ပျံသန်းသွားလာနေသကဲ့သို့ဖြစ်သည်။ အရှိန်မြင့်ရထား၏ ဖွင့်လှစ်သွားလာခြင်းသည် ရှန်ဟိုင်း-ကူမင်းအရှိန်မြင့်ရထားကူမင်းမှ ကွေ့ရန်အပိုင်း၊ ယူနန်-နန်နင်းသံလမ်းကူမင်းမှ ပိုင်စက်အပိုင်း၊ ကူမင်းမှယူရှီးအပိုင်းသံလမ်းသည် တရားဝင်ရထားဖြတ်သန်းသွားလာလုပ်ဆောင်နေသည်ကို ဖော်ပြနေပြီး ယူနန်သည် အရှိန်မြင့်ရထားခေတ်သို့ဝင်ရောက်သည်ကိုလည်း ဖော်ပြနေခြင်းဖြစ်ပါသည်။

အရှိန်မြင့်ရထား၏ ဖွင့်လှစ်ခြင်းသည် ယူနန်နှင့်တစ်နိုင်ငံလုံးအရှိန်မြင့်ရထားကွန်ယက်နှင့် ချိတ်ဆက်စေပြီး ယူနန်သို့ဝင်ထွက်ရာ အရှိန်မြင့်လမ်းကြောင်းကို ဖောက်ထွင်ပေးခဲ့သည်။ ယခုအထိ ယူနန်အရှိန်မြင့်ရထားတွဲသွားလာရာအရေအတွက်သည် ယခင်က(၂၂)တွဲမှ ယခု(၇၂)တွဲအထိ ထပ်တိုးခဲ့ရာနေ့စဉ်ခရီးသည်ခုံနေရာ(၄.၂)သောင်းကြိမ်အထိ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ရထားတွဲသွားလာရာလမ်းကြောင်းတည်နေရာမှာ ပေကျင်း၊ ရှန်ဟိုင်း၊ ကွန်ကျိုး၊ ချန်စားစသည့် တိုက်ရိုက်အုပ်ချုပ်ရေးမြို့နှင့် ပြည်နယ်မြို့တော်ပေါင်း(၁၅)ခုကို လွှမ်းမိုးပါဝင်သည်။ ထို့အတူ ကူမင်းမှ ချန်စား(၂၁)ကြိမ်၊ ကွေ့ရန်(၂၇)ကြိမ်၊ နန်နင်(၂၁)ကြိမ်၊ ကွန်ကျိုး(၁၅)ကြိမ် ပြည်နယ်မြို့တော် (၄)ခုအတွင်းတွင် အမြန်ရထားသွားလာမှုကို ဖြစ်မြောက်စေနိုင်ခဲ့ပါသည်။



“ဖူရှင်းရထား” အမြန်ရထားတွဲ

အရှိန်မြင့်ရထားဖွင့်လှစ်ပြီးတစ်နှစ်အတွင်း အရှိန်မြင့်ရထားခရီးသွားလာရေးသည် ယူကွေ့သံလမ်းကို ကူမင်းမှ တာလီလီကျန်း၊ ကူမင်းမှမုန့်ကျီဟော်ခေါ်အပြင် ယူနန်ရေပန်းစားခရီးသွားလမ်းကြောင်းအသစ်ဖြစ်လာစေခဲ့သည်။ တရုတ်သံလမ်း ကူမင်းညွှန်ကြားမှုဦးစီးဌာနအုပ်စုကုမ္ပဏီလီမိတက်ကိန်းဂဏန်းစုဆောင်းခြင်းအရ ယူနန်-နန်နင်းသံလမ်းတစ်လျှောက် ကျောက်တော၊ နိလက်၊ ဖူကဲ့ဟေး၊ ကွန်နန်ခရိုင်၊ ဖူနင်စသည့် ဘူတာရုံ(၅)ခုဖွင့်လှစ်ပြီး တစ်နှစ်အတွင်းခရီးသည်ဦးရေမှာ အဆက်မပြတ်တိုးမြှင့်နေခဲ့ကာ စုစုပေါင်းပို့ဆောင်ခဲ့သည့်ခရီးသည် ပေါင်း(၄. ၁၅)သန်းရှိကြောင်းသိရပါသည်။

တရုတ်နိုင်ငံ အနောက်တောင်တွင် အကြီးဆုံးသော အရှိန်မြင့်ရထားဂိတ်ဖြစ်သော ကူမင်းတောင်ဘက်ဘူတာရုံတွင် နေ့စဉ်လာရောက်သည့်အမြန်ရထားများမှာ မနက်ပိုင်းမှာစုဝေးကာ ထွက်ခွာပြီး ညနေတွင်ပြန်လည်ရောက်ရှိလာကြသည်။ လမ်းကြောင်းတည်နေရာတစ်ခုတည်းအနည်းဆုံး(၅)မိနစ်လျှင် အမြန်ရထားတစ်စီး ရောက်ရှိသည်။ တစ်နှစ်လုံးကူမင်းတောင်ဘက်ဘူတာရုံသည် နေ့စဉ်နေ့တိုင်း နိုင်ငံတကာခရီးသည်များကို ကြိုဆိုဧည့်ခံနေရသည်။

အရှိန်မြင့်ရထားသည် ယူနန်၏တောင်အာရှအရှေ့တောင်အာရှဖြာထွက်မှုစင်တာတည်နေရာအားသာချက်ကို ပိုမိုသိသာထင်ရှားစေပြီး နယ်ပယ်အချင်းချင်းချိတ်ဆက်ခြင်းကို အင်အားပါစွာ တွန်းတင်ခဲ့ကာ ယူနန်ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းလုပ်နိုင်မည်ဖြစ်ပါသည်။

သတင်းထောက် ဟူရှောင်ယုံ